ကွန်မြင့်ကျေးရွာ

ကွမ်းလုံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကွန်မြင့်ကျေးရွာ၊ ကွမ်းလုံမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ လ

## မာတိကာ


မာတိကာ ၁

စကားချီး ၃

ကွန်မြင့်ကျေးရွာ သယံဇာတပြမြေပုံ၊ ကွမ်းလုံမြို့နယ် ၅

**အပိုင်း (က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဗျူဟာနှင့် အစီအစဉ်** ၆

**၁။နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၆

- (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်
- (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု
- (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**၂။ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၈

- (က) တည်နေရာ၊ ရာသီဉတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား
- (ခ) သဘာဝအရင်းအမြစ်များ

**၃။ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** ၈

- (က) လူဦးရေဆိုင်ရာအချက်အလက်များ
- (ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
- (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
- (ဃ) ကျန်းမာရေးနှင့် အာဟာရ
- (င) ပညာရေးနှင့် ကျွမ်းကျင်သူများ
- (စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

**၄။ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ** ၁၁

- (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်
- (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ
- (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
- (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု
- (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု
- (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
- (ဆ) လူငယ်နှင့် ယဉ်ကျေးမှု
- (ဇ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ** ၁၅

(က) ဖွံ့ဖြိုးရေးပန်းတိုင်

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ** ၁၅

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချိန်ကာလ** ၁၅

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်** ၁၈

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ** ၂၀

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

**၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၂

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)** ၂၅

**ကိုးကားစာရင်း** ၂၇

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ခုဘဏ္ဍာရေး နှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ် မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာ၍ရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့ သော ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အ တွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှု များ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂)ပိုင်း ပါရှိပါသည်။ အပိုင်း (က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊

ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကွန်မြင့်ကျေးရွာ
ကွမ်းလုံမြို့နယ်

ကွင်းမြင့်ကျေးရွာသယံဇာတပြမြေပုံ



## အပိုင်း (က)　ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁။　နိဒါန်း

### (က)　ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့၏ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### (ခ)　နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေဂုန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းများအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များ သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်းလွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်း လင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု ၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင်

ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီဝင်အနေအထားနှင့် သဘာတသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကွန်မြင့်ကျေးရွာသည် ကွမ်းလုံ-လောက်ကိုင်ကားလမ်းမကြီးနှင့် ကတ္တရာလမ်း (၁)မိုင် အကွာတွင် တည်ရှိပြီး အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ ကွမ်းလုံမြို့နှင့် (၃)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ သည် တောင်ကုန်းများ၏ အနိမ့်ပိုင်းတွင် တည်ရှိပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် စပါး၊ ပြောင်းနှင့် ရော်ဘာတို့ကို စိုက်ပျိုးကာ အသက်မွေးဝမ်းကျောင်းမှုပြုပါသည်။ ဒေသ၏ တစ်နှစ်ပျှမ်းမျှ မိုးရေချိန်လက်မ ၄၀ မှ ၆၀ ထိရှိပြီး စိုက်ပျိုးရေးအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာ မြေပြန့်ပိုင်းတွင် လယ်မြေအချို့ စိုက်ပျိုးလျက်ရှိပါသည်။ ကျေးရွာထွက်ကုန်များဖြစ်သော စပါးနှင့်ပြောင်းဖူးများကိုပွဲစားများမှတဆင့်ရောင်းချပြီးရော်ဘာများကိုမူ ချင်းရွှေဟော်ဈေးကွက်မှ ပြည်ပသို့ တင်ပို့ရောင်းချပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်မြေနှင့် တောင်ယာအသင့်အတင့်ရှိပြီး ကုန်းမြေပြန့်ဖြစ်ကာ မြေဆီမြေလွှာအသင့်အတင့် ကောင်းမွန်သော်လည်း ဓါတ်မြေဩဇာအနည်းငယ်ထည့်ဝင် စိုက်ပျိုးလျက်ရှိပါသည်။ စိုက်ပျိုးရေး အတွက် မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးလျက်ရှိပါသည်။ ရွာအနီးတွင် တောင်ကျချောင်းရှိပြီး ရာသီပေါ် သီးနှံစိုက်ခင်းများအတွက် ရေသွယ်တန်း အသုံးပြုခြင်းနှင့် သောက်သုံးရေအတွက် အဓိက အားဖြင့်တွင်းရေ ကိုသာ အားထားရပါသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၇၆)စုနှင့် ကျား (၁၀၆)ဦး၊ မ(၁၃၀)ဦးဖြင့် လူဦးရေစုစုပေါင်း (၂၃၆)ဦး နေထိုင်လျက်ရှိပြီး ပျှမ်းမျှအိမ်ထောင်စု တစ်စုလျှင် (၃.၈)ဦးရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျှမ်းမျှ (၅)ဦး ထက်လျော့နည်းလျက်ရှိပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် ကိုးကန့်၊ရှမ်း လူမျိုးအများစုနေထိုင်ပြီးဗမာလူမျိုးအနည်းငယ် နေထိုင်ပါသည်။ကျေးရွာလူဦးရေ စုစုပေါင်း၏ (၇၀%)မှာအလုပ်လုပ်ကိုင်နိုင်သောအရွယ်ဖြစ်ပါသည်။အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေမှာ အမျိုးသားဦးရေ ထက် (၁.၅%)မျှ ပိုများပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှ မိသားစု ဝင်အနေအထားမှာ မိသားစုဝင်များ စားသောက်ရန် လောက်ငရုံမျှသာရှိပါသည်။ အိမ်ထောင်စုအလိုက် ဓနအဆင့် သတ်မှတ်မှုများတွင် အိမ်ထောင်စုအားလုံး၏ (၅၀.%)သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ သောအိမ်ထောင်စုအဖြစ်ခံယူကြပြီး (၂၀%)မှာ အလယ်အလတ်အဆင့်နှင့် ချမ်းသာသော အိမ်ထောင်စုမှာ (၃၀%)ခန့်သာရှိကြောင်း ကောက်ယူရရှိပါသည်။ ကျေးရွာတွင်းတွင် ကိုယ်စီကိုယ်င မြေယာပိုင်ဆိုင်မှု အနည်းငယ်ရှိကြပြီး အိမ်ထောင်စု (၁၀)စုသာ မြေယာပိုင်ဆိုင်မှုမရှိဘဲ နေ့စားအငှား လုပ်သားအနေဖြင့် လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပါသည်။မြေယာပိုင်ဆိုင်မှုများသောအိမ်ထောင်စုအနည်းငယ်ရှိသော်လည်း အခြားအိမ်ထောင်စုများမှာလည်း ဈေးသည်၊ဆိုင်ကယ်ဝပ်လျှော့၊ စက်ချုပ်ခြင်းစသော အသေးစားလုပ်ငန်းများလည်း လုပ်ကိုင်အသက်မွေးကြပါသည်။ မြေယာမဲ့ဆင်းရဲ သား တောင်သူများမှ ကျေးရွာ၏ (၆%) ရှိကြောင်းတွေ့ရှိရပြီး အများစုမှ လယ်ယာမြေအနည်းငယ်စီ ပိုင်ဆိုင်ကာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ဆင်းရဲသားတောင်သူအများစု နေထိုင်ပြီး ရာသီအလိုက် စပါး၊ ပြောင်း၊ ကြံတို့ကို စိုက်ပျိုးကြပြီး မြေယာမဲ့မိသားစုများမှာ နေ့စားအငှားလိုက်ခြင်းဖြင့် လုပ်ကိုင်ရှာဖွေကြပါသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ (၅၅%)ဖြစ်သော အိမ်ထောင်စု (၁၅၆)စုအား စစ်တမ်းကောက်ယူထားရှိမှုအရ ၄င်းတို့၏ (၃%)မှာ သူတပါးထံမှ ချေးငွေရယူပြီး (၆) လသာ ဝမ်းစာဖူလုံကြောင်း၊ (၁၇%)မှာ သူတပါးထံမှ ချေးငွေရယူပြီး (၁၂)လခန့်သာ ဝမ်းစာဖူလုံကြောင်းနှင့် ကျန် (၃၅%)မှာ (၂၄)လနှင့် အထက်ဝမ်းစာဖူလုံမှုရှိကြောင်း သိရှိရပါသည်။ အကြွေးတင်ရှိမှုငွေပမာဏ တွင် စစ်တမ်းကောက်ယူထားရှိသော အိမ်ထောင်စုများတွင် ချေးငွေ ကျပ် (၁)သိန်းမှ ကျပ် (၁၀)သိန်းအထိ အကြွေးတင်ရှိကြောင်းနှင့် အများစုမှာ ဆွေမျိုးနှင့် ငွေတိုးချေးယူကြပြီး အဓိကအား ဖြင့် အစား အစာစားသုံးရန်အတွက်နှင့် လုပ်ငန်းအတွက်ရင်းနှီးမြုပ်နှံရန် ချေးယူကြခြင်းဖြစ်ပါသည်။ အိမ်ထောင်စု အားလုံး၏ (၁၂%)သည် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု များဖြစ်ပါသည်။ မုဆိုးဖို/တစ်ခုလပ် ဦးဆောင်၍ လုပ်ကိုင်စားသောက်ကြသော အိမ်ထောင်စုများသည်ကျေးရွာ၏(၇%)ရှိပြီးဆင်းရဲကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင်း မိသားစု စောင့်ရှောက်မှုမရှိသော အသက်(၆၄)နှစ်နှင့်အထက် သက်ကြီးရွယ်အိုပေါင်းအမျိုးသား အမျိုးသမီး (၄)ဦးခန့်သာရှိပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်း ရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ အသင့်အတင့် ပြည့်ဝမှုရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် သက်ကြီးရွယ်အိုများ တွင် သွေးတိုးရောဂါဖြစ်ပွားမှုရှိပြီး အခြားရောဂါဖြစ်ပွားမှု နည်းပါးကြောင်းနှင့် အမျိုးသား၊ အမျိုး သမီး၊ သက်ကြီးရွယ်အိုတို့သည် တစ်ကိုယ်ရည်သန့်ရှင်းမှုရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ဆေးခန်း မရှိသောကြောင့် အဓိကအားဖြင့်ရွာနှင့် (၂)မိုင်ခွဲခန့်ဝေးသည့် နမ့်ဟူးရွာရှိ ကျေးလက်ဆေးပေးခန်းကို မှီခို အားထားရပါသည်။ အဓိက သောက်သုံးရေအနေဖြင့် တွင်းရေကိုသာ အဓိက အားထားနေရသော ကြောင့် ရာသီ အလိုက်ဖြစ်ပွားသော ဝမ်းပျက်ဝမ်းလျှောရောဂါအချို့ ဖြစ်ပွားကြောင်းတွေ့ရှိရပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်ုပ်တို့ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် နိမ့်ကျကြောင်းတွေ့ရှိရပါသည်။ ရွာသူ/သား အများစုသည် အရေး၊ အဖတ်၊ အတွက်အချက်တတ်မြောက်မှု အားနည်းပြီး လက်ရှိအချိန်အထိ ကျေးရွာ တွင် အထက်တန်းပညာသင်ကြားနေသူ ကျား (၁)ဦးသာရှိကာ တက္ကသိုလ်ပညာသင်ကြား တတ်မြောက် ထားသူ မရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် ပညာသင်ကြားမှု  အတွက် မူလတန်းကျောင်းကိုသာ အားကိုးအားထားပြုလျက်ရှိပြီး စာကြည့်တိုက်ကဲ့သို့ အသိပညာဗဟုသုတ ရရှိနိုင်သောနေရာများ မရှိသောကြောင့် အသိ ပညာ၊ အတတ်ပညာများ နည်းပါးကြောင်းတွေ့ရပါသည်။

## (စ) ကျား-မရေးရာကိစ္စရပ်များ

ကျေးရွာအတွင်း ကျား-မရေးရာကိစ္စဆိုင်ရာ အခြေအနေမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင်း အမျိုးသမီးအဖွဲ့နှင့် အမျိုးသားအဖွဲ့ရှိသောကြောင့် သာရေး၊ နာရေး ကိစ္စရပ်များတွင် ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ကြပြီး ခွဲခြားဆက်ဆံခြင်းမျိုးများ မရှိကြောင်းတွေ့ရှိရပါသည်။ ပညာသင်ကြားနေမှု အခန်း ကဏ္ဍတွင်လည်း ကျေးရွာတွင်းရှိ မူလတန်းကျောင်းတွင် ကျား(၂၀)ဦးနှင့် မ(၂၅)ဦး တက်ရောက် ပညာသင်ကြားလျက်ရှိပါသည်။ ထို့ကြောင့် ယေဘုယျအခြေအနေ သုံးသပ်ရပါက ပညာသင်ယူရေး ဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားနှင့် အမျိုးသမီး တန်းတူအခွင့်အရေးရရှိကြောင်း တွေ့ရပါသည်။ သို့သော် ကျေးရွာတွင်း နေ့စားလုပ်အားခ ပေးချေမှုများတွင်မူ အမျိုးသားများက ပိုမိုရရှိကြောင်း သိရပါ သည်။ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများတွင်လည်း အမျိုးသမီးများ ပါဝင်တာဝန်ယူ ဆောင်ရွက်ရမှု များ နည်းပါးလျက်ရှိကြောင်း သိရှိရပါသည်။ ထို့ကြောင့် ကျား-မရေးရာ တန်းတူအခွင့်အရေးပေးမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ရန် လိုအပ်နေလျက်ရှိကြောင်း တွေ့ရှိရပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ငွေစုငွေချေးအဖွဲ့အစည်း (၁)ဖွဲ့၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားရှိသော လူငယ်အဖွဲ့နှင့် ရှမ်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန် ရှမ်းယဉ်ကျေးမှုအဖွဲ့ဟူ၍ ရွာတွင်းအဖွဲ့အစည်း (၃)ဖွဲ့ရှိပါသည်။ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများအဖြစ် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် UNDP နှင့် အသေးစားငွေချေးအဖွဲ့ကို ဆောင်ရွက်ပေးတဲ့ အဖွဲ့အစည်းမရှိပါ။ မိမိတို့ကျေးရွာတွင်းရှိ အဖွဲ့အစည်းများမှာ လုပ်ငန်းဆောင်ရွက်မှု အားကောင်းသော်လည်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက် ဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်မှု နည်းပညာများ အားနည်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

### (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ ပြောင်းနှင့် ရော်ဘာတို့ကို အဓိကထား စိုက်ပျိုးကြသည်။ စပါးစိုက်ဧကလယ်မြေ (၄၀)ဧကရှိပြီး တောင်ယာစပါးစိုက်ပျိုးမြေ အနည်းငယ်ရှိကာ ကြံနှင့် ပြောင်းစိုက်ပျိုးမြေ (၃၇၇)ဧက ရှိပါသည်။ စပါး၊ ပြောင်း၊ ကြံတို့ကို မိုးသောက်ရေဖြင့်သာ အဓိကစိုက်ပျိုးကြပါသည်။ ကျေးရွာတွင်း စိုက်ပျိုးရေး အထောက်အကူပြုစက်ပစ္စည်းပိုင်ဆိုင်မှု နည်းသောကြောင့် ထွန်ယက်စိုက်ပျိုးရိတ်သိမ်းရာ တွင် နှောင့်နှေးမှုအချို့ရှိပါသည်။ တစ်ခါတစ်ရံ မိုးရွာသွန်းမှု မလုံလောက်ခြင်းကြောင့် စိုက်ပျိုးရေး အတွက် နှောင့်နှေးမှုအချို့ တွေ့ရတတ်ပါသည်။

ရွာတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနည်းပါးပြီး ကျွဲ၊ ဝက်၊ ကြက်တို့ကို တစ်ပိုင်တနိုင် မွေးမြူထားရှိသော အိမ်ထောင်စုသည် ကျေးရွာအိမ်ထောင်စု၏ (၃၀.၅၇%)ရှိကာ မွေးမြူရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုသူ မရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာလူထုအနေဖြင့် မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတ နည်းပါးခြင်းနှင့် ငွေကြေးအခက်အခဲသည် အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် တိုးချဲ့ဆောင်ရွက်ရန် အဓိက အဟန့်အတားဖြစ်ကြောင်း သုံးသပ်ရပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် အဆင်ပြေမှုရှိနိုင်သော်လည်း မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းမှု ပြုကြပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုအသေးစားကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိဘဲ အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများအဖြစ် ကျေးရွာတွင်း ဈေးဆိုင် (၅)ဆိုင်၊ ဝပ်ရှော့လုပ်ငန်း လုပ်ကိုင်သူ (၂)ဦးနှင့် ရွာတွင်းလှည့်လည်ရောင်းသည့် ဈေးသည်(၃)ဦးသာရှိကြောင်း စစ်တမ်းကောက်ယူရရှိပါသည်။စိုက်ပျိုးရေးရာသီတွင်သာ အလုပ်အကိုင်အခွင့်အလမ်းရှိပြီး ကျန်အချိန်များတွင်မူ အလုပ်

အကိုင်နှင့် ဝင်ငွေနည်းပါးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လူငယ်၊ လူရွယ်များသည် ကျေးရွာ၏ (၃၀%) ခန့်သာရှိသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အင်းအားတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိပါသည်။ လက်သမားနှင့် ပန်းရံလုပ်ကိုင်သူအချို့ရှိသော်လည်း အမြဲတစေလုပ်ကိုင်ခြင်းမျိုးမဟုတ်ဘဲ စိုက်ပျိုးရေး ရာသီကုန်ဆုံးမှသာ လုပ်ကိုင်ခြင်းဖြစ်ပါသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာရှိ စိုက်ပျိုးလယ်မြေ၊ တောင်ယာများတွင် ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးအချို့ သုံးစွဲပြီး ဗူးခွံများအား စနစ်တကျ စွန့်ပစ်ရန် လိုအပ်လျက်ရှိပါသည်။ ရွာတွင်း အမှိုက်သရိုက်များအား မီးရှို့ ဖျက်ဆီးသောကြောင့် ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းကြောင်း တွေ့ရှိရပါသည်။ အခြားသဘာဝဘေး အန္တရာယ်များဖြစ်သော ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်းများဖြစ်ပေါ်ခြင်းနည်းပါး သည်။ ကျေးရွာအနီးအနားတွင် သယံဇာတပစ္စည်းများ မရှိပါ။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာတွင်းတောင်သူများသည် အများအားဖြင့် ပွဲစားများထံမှ ကြိုတင်ငွေရယူကာ စိုက်ပျိုး လုပ်ကိုင်ကြပါသည်။ ဆွေမျိုးသားချင်းများထံမှ နားလည်မှုဖြင့် ချေးယူထားမှုများလည်း တွေ့ရှိရတတ် ပါသည်။ ကျေးရွာတွင်း ငွေစုငွေချေးအဖွဲ့ ဖွဲ့စည်းထားခြင်း မရှိဘဲ ၄င်းတို့ကိုယ်တိုင်သာ လိုအပ်သော ငွေကြေးကို တစ်ခြားသူများဆီ ချေးယူကြပြီး အတိုးနှုန်းအားဖြင့် တစ်ဦးနှင့်တစ်ဦး မတူညီကြောင့် တွေ့ရှိရပါသည်။

ချေးငွေချေးယူရခြင်း၏ အဓိကအကြောင်းအရင်းမှာ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ရင်းနှီးငွေ လိုအပ်ခြင်းတို့ဖြစ်ကြောင်း တွေ့ရှိရသည်။ ကျေးရွာတွင်း အကြွေး တင်ရှိမှုစစ်တမ်းကောက်ယူမှုအရ ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများအားလုံး ကြွေးမြီ တင်ရှိကြပြီး အနည်းဆုံး အကြွေး (၁)သိန်းကျပ် မှ အများဆုံး (၁၀)သိန်းကျပ်အထိ ရှိကြောင်းတွေ့ရှိရ ပါသည်။ အိမ်ထောင်စုအများစုမှာ (၁)သိန်း မှ (၅)သိန်းကြား အကြွေးတင်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ထုတ်ချေးပေးခြင်း မရှိကြောင်းတွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း(၁)ကျောင်း ရှိသည့်အတွက်ကြောင့် ကျေးရွာမှ ကလေးသူငယ်များသည် ကျေးရွာတွင်းရှိ ကျောင်းတွင်သာ ပညာသင်ကြားလျှက်ရှိကြောင်းတွေ့ရှိရ ပါသည်။ ကျောင်းသည် ကျေးရွာအလယ်တွင် တည်ရှိပြီး ကျောင်းသား/သူများမှ သွားလာရေးလွယ်ကူ ပါသည်။ စာတက်မြောက်ရုံမျှသာ သင်ကြားပြီး မိသားစုဝင်ငွေရှာဖွေကြသော လူငယ်များလည်း လူဦး

ရေ၏(၁၀%)ခန့်ရှိကြောင်းစစ်တမ်းများအရတွေ့ရှိရပါသည်။မူလတန်းကျောင်းပညာတတ်မြောက်ပြီးသူနှင့် သင်ယူဆဲသူများမှာ (၃၃.၇%)မျှသာ ရှိပါသည်။

ကျေးရွာတွင် ကျေးလက်တိုက်နယ်ဆေးရုံရှိပြီးကျေးရွာတွင်း၌သာတည်ရှိသည့်အတွက် ကျန်းမာရေးလက်လှမ်းမီရုံသာမက အခြားရွာမှလည်း လာရောက်ဆေးကုသမှုခံယူနိုင်ကြောင်း တွေ့ရှိရပါသည်။ အိမ်ထောင်စုအများစုမှာဓယင်လုံရေလောင်းအိမ်သာသုံးစွဲမှုအိမ်ထောင်စု၏(၁၀၀%)အထိရှိပါသည်။ကျေးရွာတွင်း အမှိုက်သရိုက်များကိုစု၍ ရွာပြင်ထုတ်ကာ မီးရှို့ဖျက်ဆီးကြပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

ကျေးရွာတွင် လူငယ်လူရွယ်များအပန်းဖြေအနားယူရန် ဘောလုံးကွင်း၊ ခြင်းကွင်း၊ စာကြည့်တိုက်များ မရှိပေ။ လူငယ်လူရွယ်အများစုသည် ကျေးရွာ၏သဘောသဘာဝအရ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး လူငယ်အဖွဲ့ဖွဲ့စည်းထားရှိပါသည်။ ထို့ပြင် ရှမ်းအဆို၊ အက၊ အတီးအမှုတ်၊ စာပေယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် သီးခြားအဖွဲ့ကော်မတီများ ဖွဲ့စည်းထားခြင်းမရှိသေးချေ။

**(ဇ) အခြေခံအဆောက်အဦ- လမ်း တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင်း လမ်းများမှာ မြေသားလမ်းမျှသာရှိပြီး ထော်လာဂျီနှင့် ကားများ အသုံးပြုကြပြီး အိမ်ထောင်စုအားလုံး၏(၁၀.%)ရှိကာ ဆိုလာ (၅%)၊ အခြား ဖယောင်းတိုင်၊ ဘတ္တရီအစရှိသဖြင့် သုံးသူ (၂%)ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် တယ်လီဖုန်းအသုံးပြုမှုများရှိသော်လည်း အခြားအွန်လိုင်းအသုံးပြုမှုများအတွက် နည်းပညာအသိအားနည်းပါးကြောင်းတွေ့ရပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုများဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းပါသည်။ ကျေးရွာသဘောသဘာဝအရ ခိုးမှုကဲ့သို့အမှုအခင်းများရှိသော်လည်း မူးယစ်ဆေးသုံးစွဲရောင်းချမှုများနှင့် အကြမ်းဖက်မှုများ မတွေ့ရှိရပေ။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

ကျေးရွာတွင်းလမ်းနှင့် ရွာပြင်လမ်း၊ တံတားများ ကောင်းမွန်ပါက ကျေးရွာထုတ်ကုန်များ မြို့သို့အလျင်အမြန် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ကျေးရွာစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါ

သည်။ ထို့ပြင် သန့်ရှင်းသောသောက်သုံးရေရရှိပါက မိမိတို့ ကျေးရွာသူ/သားများ ရောဂါဘယကင်းစင်ကာ မိသားစုဖွံ့ဖြိုးတိုးတက်နိုင်ကြောင်း၊ ကျေးရွာတွင်လျှပ်စစ်မီးရရှိပြီး မိမိတို့ပညာသင်ကလေးသူငယ်များစာဖတ်နိုင်ရေးအတွက်အထောက်အကူပြုရုံသော်လည်း မိသားစုများသည်လည်းဖျော်ဖြေရေးပစ္စည်းများဖြစ်သော TV၊ စလောင်းများနှင့် အပန်းဖြေ အနားယူနိုင်ပါသည်။ ကျေးရွာတွင်ပညာတတ်နည်းပါးသောကြောင့် ဦးစီး ဦးဆောင်လုပ်ကိုင်နိုင်မည့် အသိပညာရှိလူငယ်လူရွယ်များလိုအပ်လျက်ရှိပြီး လူဦးရေ၏ (၆၅.၁၅%)မှာ အလုပ်လုပ်ကိုင်နိုင်သော လူငယ်များဖြစ်ကြပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ပြီးစိုးရိမ်ရသော ရောဂါဘယများအတွက်ဆေးဝါး ကုသရန်အတွက် ကျေးရွာနှင့် (၂)မိုင်ခွဲတွင်ရှိသော နမ့်ဟူးကျေးရွာရှိ ကျေးလက်ဆေးပေးခန်းရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လက်လှမ်းမီသလောက်ရှိပါသည်။

သဘာဝအရင်းအမြစ်များအဖြစ် မြေပြန့်ပိုင်းတွင် လယ်မြေနှင့် တောင်ကုန်း၊ တောင်စောင်းများရှိတောင်ယာများ၊ မြေများသည် မြေဆီ၊ မြေဩဇာ အသင့်အတင့်ကောင်းမွန်သည်။ တောင်ယာထွက်ကုန်များကို မြို့သို့တင်ပို့ရာတွင် သယ်ယူပို့ဆောင်ရေးအခက်အခဲအချို့ရှိပါသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေများမှာမြေဆီမြေဩဇာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသယံဇာတပစ္စည်းများ တွေ့ရှိရခြင်းမရှိကြောင်း သိရှိရပါသည်။ တောင်ယာခုတ်ထွင်းတိုးချဲ့မှု အနည်းငယ်ရှိပြီးထိန်းချုပ်ရန်လိုအပ်လျက်ရှိပါသည်။

တောင်သူများသည်အဓိကစိုက်ပျိုးစရိတ်အား ပွဲစားများထံမှ ကြိုတင်ငွေရယူစိုက်ပျိုးကာ အတိုးငွေ (၁၀)ကျပ်ဖြင့်ချေးယူရပါသည်။ မြေနိမ့်ပိုင်းလယ်မြေအချို့တွင် ချောင်းရေမှ ရေတင်စိုက်ပျိုးနိုင်သော်လည်း အဓိကအားဖြင့် မိုးသောက်ရေကိုသာ အားထားစိုက်ပျိုးလျက်ရှိပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် နည်းပညာနှင့် ငွေကြေးအခက်အခဲကြောင့် စီးပွားဖြစ်လုပ်ကိုင်ခြင်းမရှိဘဲ တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြပါသည်။ အခြားစီးပွားဖြစ် အသေးစားကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းမရှိဘဲ နည်းပညာဗဟုသုတနှင့် အသိအမြင်နည်းပါးပြီး ငွေကြေးအခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးလျက်ရှိပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ကာလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုကျေးရွာသူ/သားများ၏ မဲဆန္ဒဖြင့် အောက်ပါအတိုင်းရွေးချယ်ထားရှိပါသည်-

(ခ-၁) ကျေးရွာတွင် လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်အရင်းအနှီးများအား

လုပ်ငန်းရှင်များထံမှ အတိုးနှုန်းများစွာရယူလုပ်ကိုင်ရသည့်အတွက်ကြောင့် လာမည့် ဘဏ္ဍာနှစ်တွင်ကျေးလက်ဦးစီး၏ မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေချေးငွေဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ရေး အထောက်အပံ့များ ရယူဆောင်ရွက်သွားမည်။

(ခ-၂) ကျေးရွာတွင်းရေကန်နှင့် ရေပိုက်သွယ်တန်းပြီး သန့်ရှင်းသော သောက်သုံးရေရရှိစေရမည်။ ကျန်းမာရေးအတွက် ဆေးပေးခန်းဆောက်လုပ်ကာ ကျေးရွာနေပြည်သူများရောဂါကင်းစင်သော အိမ်ထောင်စုတည်ထောင်သွားမည်။

(ခ-၃) ကျေးရွာတွင်းရွာသူ/သားများ၏ အသိပညာ၊ ဗဟုသုတများရရှိနိုင်မည့်နေရာများဆောက်လုပ်ကာ သိရှိနားလည်လာသော အသိပညာအတတ်ပညာများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျေးရွာစာကြည့်တိုက်ဖွင့်လှစ် ဆောင်ရွက်သွားမည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ**

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်ပါသည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါး၊ ပြောင်းနှင့်ရော်ဘာတို့ကို အဓိကစိုက်ပျိုးကြပါသည်။ မြေဆီမြေဩဇာ အသင့်အတင့် ကောင်းမွန်သော်လည်း ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲရမှုများရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အသိပညာပေးဟောပြောပွဲများ ကျင်းပပေးနိုင်ပါက ပိုမိုအဆင်ပြေနိုင်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

စိုက်ပျိုးရေးဘဏ်အပါအဝင် ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များအနေဖြင့် ဆင်းရဲသားတောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနိုင်ရန် လိုအပ်လျက်ရှိပါသည်။ ယခုအချိန်တွင် မိမိတို့တောင်သူလယ်သမားများသည် ပွဲစားများ၊ ငွေတိုးချေးစားသူများထံမှ အတိုးငွေအမြောက်အများပေးကာ စိုက်ပျိုးစရိတ်ချေးယူနေရသောကြောင့် အမြတ်ငွေရရှိမှုနည်းပါးလျက်ရှိပါ

သည်။ ထို့ပြင် ကျေးရွာတွင်အသေးစားမွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများအတွက် သင့်လျော်သော ရင်းနှီးငွေများလိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသောကြောင့် မြို့နယ်သမဝါယမအသင်းအနေဖြင့် မြို့နှင့်အလှမ်းဝေးသော ကျေးရွာများတွင် ချေးငွေထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်သင့်ပါသည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာရှိလူငယ်များသည် တက်ကြွစည်းလုံးသောကြောင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည့်အပြင် လူငယ်နှင့်အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာနိုင်ပါသည်။ သို့သော် ၎င်းတို့တွင်လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမှီမှုအားနည်းပါသည်။ ကျေးရွာတွင်းရှိလုပ်ငန်းအားလုံးအတွက် အသိပညာပေးဟောပြောပွဲများ၊ သင်တန်းများပြုလုပ်ပေးရန် ခက်ခဲပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာအတွင်း ပညာပေးဟောပြောပွဲများ၊ သင်တန်းများပြုလုပ်ရန် ပညာရှင်များလိုအပ်လျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် မြို့နယ်အဆင့်မှသည် ကျေးရွာအထိ လိုအပ်သောစီးပွားရေးလုပ်ငန်းများ၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိစေရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊ သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင် ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ မဟာဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကိုအကဲဖြတ်ရာတွင် အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေ ရန် အထောက်အကူပြုသည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်-*

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ၊ ဦးစားပေးအစီအစဉ်များကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် တခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁။ | ရွာတွင်းလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | ၁ | √ | | | | |
| ၂။ | စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း | ၂ | | √ | | | |
| ၃။ | စိုက်ပျိုးရေးနည်းပညာသင်တန်းပို့ချခြင်း | ၃ | | | √ | | |
| ၄။ | ချေးငွေရရှိရန်ဆောင်ရွက်ခြင်း | ၄ | | | | √ | |
| ၅။ | အသက်မွေးဝမ်းကျောင်းဖွင့်လှစ်ခြင်း (ပန်းရံ၊အပ်ချုပ်၊စက်ပြင်၊လက်သမား) | ၅ | | | | | √ |

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ- လုပ်သား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံး ငွေရင်း အသုံး စရိတ် | စွမ်းဆောင် ရည် မြှင့်တင်ရေး | လူသားချင်း စာနာမှု အထောက် အပံ့ |
| ၁။ | ရွာတွင်းလမ်းအဆင့်မြင့်တင်ခြင်း လုပ်ငန်း | | | (၁၀၀) သိန်း | | |
| ၂။ | စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း | | | (၁၅၀) သိန်း | | |
| ၃။ | စိုက်ပျိုးရေးနည်းပညာသင်တန်း ပို့ချခြင်း | | | (၆၀) သိန်း | | |
| ၄။ | ချေးငွေရရှိရန်ဆောင်ရွက်ခြင်း | | | (၃၀၀) သိန်း | | |
| ၅။ | အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ခြင်း(ပန်းရံ၊လက်သမား၊ စက်ပြင်၊အပ်ချုပ်) | | | (၅၀) သိန်း | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို ထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါ မည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်

ရန် တာတန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ထုတ်ကုန်အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်သော အကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက် ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေးကြီးကြပ်ရေး စသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များစိုက်ပျိုးရေး၊

မွေးမြူရေးစသည့် သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စရပ်များတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။

ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသောအဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ

ထားရှိပါမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ ထို့အပြင်တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်း ကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါ မည်။

**၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါ လိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင် အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေ သော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါ မည်။

အဖွဲ့အသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်းတိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်-

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

-စီမံကိန်းလုပ်ငန်းများ လုပ်ငန်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ

- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန်အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်းပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကိုးကားစာရင်း


၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ။

၂။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ၊ ကွန်မြင့်ကျေးရွာတွင်ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊